(၂၈၃)ဦးဖြစ်ပြီး လူဦးရေစုစုပေါင်း (၅၄၉)ဦးနေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၆%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေး ဦးရေ (၁၃%)၊ သက်ကြီးရွယ်အိုဦးရေ (၅%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင် သောအရွယ်ရှိ လူဦးရေ (၇၆%)ရှိပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပါသည်။

## ၄။ သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၄.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စပါး၊ ပဲတီစိမ်း၊ မြေပဲ၊ ကုလားပဲ၊ နှမ်း၊ ဝါစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၄၅)ဧက၊ ယာမြေ(၁၈၉)ဧက၊ ဥယျဉ်ခြံမြေ (၄၄)ဧက၊ အိမ်ခြံဝန်းစိုက်ခင်း (၅)ဧက၊ ကိုင်း (၅၂)ဧကနှင့် စားကျက်မြေ (၆၄)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၄၉၉)ဧက ရှိပြီး တောင်သူအိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (၄.၅)ဧကခန့် ပိုင်ဆိုင်ကြ ပါသည်။ ပလပ်မြေ (၄၃)ဧကနှင့် သစ်တောမြေ (၅၄၀)ဧက ရှိပါသည်။

စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးရေကိုသာ အဓိကထား အသုံးပြု၍ စိုက်ပျိုးကြရပါသည်။

### (၄.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါး မရှိပါ။ မွေးမြူရေးလုပ်ငန်းအား မိသားစုတနိုင်တပိုင်သာ ဆောင်ရွက်ကြခြင်းဖြစ်ပြီး နွားစာ/ ဝက်စာ များအဖြစ် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ အခြားဓါတ် သတ္တု မထွက်ရှိပါ။ ပျှမ်းမျှအပူချိန် ( ၃၂.C)ရှိပြီး ပျှမ်းမျှ မိုးရေချိန် (၃၀)လက်မ ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အိမ်ထောင်စု (၃၇)စု ရှိသဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၄၄%)ခန့်မှာ စားဝတ်နေရေးနှင့် စီးပွားရေးအဆင်မပြေမှုများ ကြုံတွေ့ နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆.၂) သီးနှံထုတ်လုပ်ရေး

### (က) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ပဲ့မခန်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စုအများစုမှာ တောင်သူများ ဖြစ်ပြီး စိုက်ပျိုးမြေ (၅)ကေအောက် ပိုင်ဆိုင်သော အိမ်ထောင်စု(၂၈)စု၊ (၅)ကေမှ(၁၂.၅)ကေအတွင်း ပိုင်ဆိုင်သူ အလယ်အလတ် အဆင့်ရှိ အိမ်ထောင်စု(၃၇)စုနှင့် (၁၂.၅)ကေ အထက် ပိုင်ဆိုင်သူ တောင်သူကြီး (၄၅)စု၊ မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၃၇)စုရှိပါ သည်။

### (ခ) အဓိကစိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်း

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ ဝါနှင့်ပဲမျိုးစုံတို့ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၄၀)တင်း၊ အများဆုံး (၅၅)တင်းနှင့် ပျမ်းမျှ (၅၀)တင်း ထွက်ရှိပါ သည်။ နှမ်း(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၃)တင်း၊ အများဆုံး (၅)တင်းနှင့် ပျမ်းမျှ (၄)တင်း ထွက်ရှိပါသည်။ မြေပဲ(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၁၀)တင်း၊ အများဆုံး (၁၅)တင်းနှင့် ပျမ်းမျှ (၁၄)တင်း ထွက်ရှိပါသည်။ ပဲတီစိမ်း(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၄)တင်း၊ အများဆုံး (၇)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။ ဝါ(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၅၀)ပိဿာ၊ အများဆုံး (၆၅)ပိဿာနှင့် ပျမ်းမျှ (၆၀)ပိဿာ ထွက်ရှိပါသည်။ ကုလားပဲ အထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၂၀)တင်း၊ အများဆုံး (၂၅)တင်းနှင့် ပျမ်းမျှ (၂၃)တင်း ထွက်ရှိပြီး အကျိုးအမြတ် အနည်းငယ်သာ ရရှိပါသည်။ ရာသီဥတုမမှန်ခြင်း၊ တခါတရံ မိုးရေရရှိမှုနည်းခြင်း၊ တခါတရံမိုးများခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ ပျိုးပင်ပေါက်များ သေခြင်းတို့ ဖြစ်သဖြင့် အကျိုးအမြတ် ရရှိမှုမှာ နည်းပါးလျှက်ရှိပါသည်။

ခက်ခဲမှုများ ကြုံတွေ့ကြရပါသည်။

**(၇.၃) သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေး ယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၄၄)စီး၊ စက်ဘီး (၄၇)စီး၊ ကား (၂)စီးနှင့် နွားလှည်း (၈၁)စီး ပိုင်ဆိုင်ကြပါသည်။

**(၇.၄) မီးရရှိမှု အခြေအနေ**

ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စု(၁၄၇) စုအနက်(၁၉)အိမ်မှာ အင်ဂျင် မီးစက်မှ မီးရယူသုံးစွဲကြပြီး၊ အခြားအိမ်ထောင်စု(၄၀)စုမှာ ပုဂ္ဂလိကပိုင် ဆိုလာမီး အသုံးပြု ကြပါသည်။ ကျန် (၁၀၇)အိမ်မှာ ဖယောင်းတိုင်မီးသာ အသုံးပြုကြပါသည်။

**(၇.၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေ**

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၄၇) လုံး၊ ရေဒီယို (၆၀)လုံးနှင့် တီဗွီ (၆၇)လုံး ပိုင်ဆိုင်ကြသော်လည်း ဖုန်းလိုင်းများမမိခြင်းကြောင့် ဆက်သွယ်မှု အတန်အသင့်သာ ကောင်းမွန်ပါသည်။

**၈။ ပညာရေး**

**(၈.၁) ကျောင်းတက်နှုန်း**

ပဲ့မခန်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၅၆)ဦး၊ အလယ်တန်းတွင် (၁၉)ဦး၊ အထက်တန်းတွင် (၁၄)ဦးနှင့် တက္ကသိုလ် တက်ရောက် နေသူ (၃)ဦးရှိပါသည်။

**(၈.၂) စာသင်ကျောင်းဆောင် အခြေအနေ**

ကျေးရွာရှိ မူလတန်းလွန်ကျောင်းဝန်းမှာ အလျား(၄၀၀')၊ အနံ( ၃၂၀') ကျယ်ဝန်း

ပါသည်။ စာသင်ကျောင်းဆောင်များအနေဖြင့် အလျားမှာ (၄၉’)ပေ၊ အနံ (၂၁’) ကျယ်ဝန်းသော ပင်မဆောင် တစ်ဆောင်သာ ရှိပါသည်။ ကျောင်းဆောင်၏ အမိုး၊ နံရံ၊ အခင်းအရည်အသွေးမှာ အသင့်အတင့်သာ ရှိပါသည်။ ကျောင်းအိမ်သာအခြေအနေမှာလည်း အသင့်အတင့်သာ ကောင်းပါသည်။ ပညာရေးဝန်ထမ်းအဖြစ် ဆရာ(၁)ဦးနှင့် ဆရာမ(၅)ဦး ရှိပြီး အခြားမှ လာရောက်တာဝန် ထမ်းဆောင်ရသော ပညာရေးဝန်ထမ်းများအတွက် ကျေးရွာမှ လုပ်အားဖြင့် ဆောက်လုပ်ထားသော ဝန်ထမ်းနေအိမ်တစ်လုံးရှိပါသည်။ ကျေးရွာမှ အလယ်တန်းနှင့် အထက်တန်းပညာ တက်ရောက်လိုသော ကျောင်းသားများသည် သရက်မြို့ရှိ အ.ထ.က(၁)ကျောင်းသို့ သွားရောက် ပညာသင်ယူကြရပါသည်။

## ၉။ ကျန်းမာရေး

### (၉.၁) အဖြစ်များသော ရောဂါများ

ကျေးရွာတွင်း ရောဂါဖြစ်ပွားမှုများနေဖြင့် တုတ်ကွေး၊ သွေးတိုး၊ အဟာရချို့တဲ့မှုနှင့် အခြားကူးစက်ရောဂါ အနည်းငယ်တို့ ဖြစ်ပွားကြပါသည်။ အခြားရောဂါများဖြစ်ပွားမှု အနည်းငယ်သာရှိပြီး HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

### (၉.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါစသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်း၍ သစ်တောများ ပြုန်းတီးမှု မဖြစ်ပွားအောင် ထိန်းသိမ်းထားရှိရန် ဆောင်ရွက်လျှက်ရှိပါသည်။ သတ္တဝါများကိုလည်း အကြောင်းမဲ့ သတ်ဖြတ်ခြင်း မပြုဘဲ ထိန်းသိမ်းထားရှိပါသည်။

**၁၂။ ကျား-မရေးရာ**

ကျေးရွာမှ အမျိုးသားများ အနေဖြင့် ကျောင်းအကျိုးတော်ဆောင်၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ကြပြီး အမျိုးသမီးများအနေဖြင့် ကျေးရွာ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောက်ရွက်ကြ ပါသည်။

**၁၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ပွဲမခန်းကျေးရွာနေ ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် အကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်တွင် ဖော်ပြထားပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာနေပြည်သူ အများစုမှာ တောင်သူများဖြစ်ပြီး တောင်သူတစ်ဦးလျှင် ပျမ်းမျှ အားဖြင့် စိုက်ဧက(၄.၅)ဧကခန့် ပိုင်ဆိုင်ကြပြီး မြေဆီမြေလွှာအတန်အသင့် ကောင်းမွန်သော ကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းသော ကျေးရွာဖြစ်ပါသည်။ မြို့နှင့် (၂၁)မိုင်(၁)ဖာလုံခန့် ကွာဝေးပြီး ကျေးရွာမှ ပုဂ္ဂလိကပိုင် ကား(၂)စီးနှင့် မိသားစုကိုယ်ပိုင် ဆိုင်ကယ်များ ရှိကြသဖြင့် မိုးတွင်းရာသီတွင်သာ သွားရေးလာရေးခက်ခဲသော်လည်း ပွင့်လင်းရာသီတွင် သွားရေးလာရေး အဆင်ပြေပြေဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် သီးနှံရောင်းဝယ်ရေးအတွက်

ဈေးကွက်ရှိရာ သရက်မြို့သို့ အလွယ်တကူသွားလာနိုင်ပါသည်။

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းခွဲ ရှိသဖြင့် ကျေးရွာသူ၊ ကျေးရွာသား အများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်ကြသူများ ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများနှင့် အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်ပြီး တက်ကြွမှုရှိသော လူငယ်များရှိသည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် များစွာအထောက်အကူပြုလျှက်ရှိပါသည်။

## (ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ပဲ့မခန်းကျေးရွာ၏ ရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းနှင့် သရက်-မင်းတုန်းကားလမ်းသို့သွားသည့် ချဉ်းကပ်လမ်းတို့မှာ မြေသားလမ်းများဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားရေးလာရေး ခက်ခဲမှုကြုံတွေ့ကြရသဖြင့် ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခက်အခဲ ကြုံတွေ့ကြရခြင်း၊ ကျေးရွာအတွင်း နေထိုင်ကြသည့် မိသားစုများအနက် စီးပွားရေးပြေလည်သူများမှာ ကိုယ်ပိုင်ဆိုလာမီးနှင့် အင်ဂျင်မီးများ အသုံးပြုနိုင်ကြသော်လည်း အိမ်ထောင်စု (၁၀၁)မှာ ဖယောင်းတိုင်မီးကိုသာ သုံးစွဲကြရသည့်အတွက် ကျေးရွာ၏ မီးဘေးအန္တရာယ် စိုးရိမ်ကြရခြင်း၊ မီးမရှိသည့်အတွက် တီဗီကဲ့သို့သော လျှပ်စစ်ပစ္စည်း မသုံးစွဲနိုင်သဖြင့် နည်းပညာနှင့် ဗဟုသုတများ သိရှိနားလည်မှု အားနည်းကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအဟန့်အတား ဖြစ်စေလျှက်ရှိပါသည်။

## ၁၄။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ

## (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ပက်မခန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုး

တိုးတက်စေရေးကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်မှာ ကျေးရွာသို့ ဆက်သွယ်သည့် လမ်းအားလုံးမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားရေးလာရေး ခက်ခဲနေခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် အဓိက ဆောင်ရွက်ရမည့် ပန်းတိုင်မှာ လမ်းအဆင့်မြှင့်တင်ခြင်းဖြစ်ပါသည်။ ကျေးရွာ၏ ဒုတိယလိုအပ်ချက်မှာ မီးရရှိရေး ဖြစ်ပါသည်။ ထို့အပြင် ပဲ့မခန်းကျေးရွာ နေပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်ကြသည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ၊ မွေးမြူရေးကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ပန်းတိုင်(၈)ကို ရေးဆွဲထားပါသည်။

(၁) ကျေးရွာတွင်း ဆိုလာမီးရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ မီးဘေးအန္တရာယ်ကာကွယ်နိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်လာစေရမည်။

(၂) ဝန်ထမ်းအိမ်ယာတည်ဆောက်ပေးခြင်းနှင့် ကျောင်းခြံစည်းရိုး တည်ဆောက်ပေးခြင်းဖြင့် အခြားနယ်မှ ပညာရေးဝန်ထမ်းများအတွက် အထောက်အကူဖြစ်စေရမည်။

(၃) တစ်နှစ်ပတ်လုံး လမ်းပမ်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို တဖက်တစ်လမ်းမှ အထောက်အကူပြုစေရမည်။

(၄) ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်အတွက် ဆေးပေးခန်းတည်ဆောက်ပေးရန်နှင့် ဝန်ထမ်းချထားပေးရေး တင်ပြတောင်းခံသွားမည်။

(၅) ကျေးရွာနေ ပြည်သူအားလုံး တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စေရမည်။

(၆) ကျောင်းအားကစားကွင်းတည်ဆောက်ပေးခြင်းဖြင့် ကျေးရွာမှ လူငယ်တို့၏ ကျန်းမာရေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုအား အထောက်အကူ ပြုစေရမည်။

(၇) ကျေးရွာ စာကြည့်တိုက်တည်ထောင်ပေးခြင်းဖြင့် လူငယ်လူရွယ်များ ပညာရည်တတ်မြောက်မှုနှင့် ဗဟုသုတရရှိစေရမည်။

(၈) ကျေးရွာအနီးရှိ ချောင်းခြောက်ရှိပြီး နွေရာသီတွင် ရေမရှိသော်လည်း မိုးကာလတွင် ချောင်းရေကျသောကြောင့် ကျေးရွာအား ထိခိုက်ပျက်စီးမှုများ ရှိသဖြင့် ရေကာတာတည်ဆောက်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းသွားမည်။

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကိုအထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများ ကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်ခြင်း ဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကို အထောက်အကူပြုစေရန်အတွက် ဆိုလာမီးလင်းရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(၂) ကျေးရွာမှ အသုံးပြုသွားလာရသော လမ်းအားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားလာရေး ခက်ခဲသောကြောင့် တစ်နှစ်ပတ်လုံး လမ်းပမ်း

ဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်အောင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအသီးသီး၏ဖွံ့ဖြိုးရေးကို တဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဖြစ်ပါသည်။

(၃) ကျေးရွာမူလတန်းလွန်ကျောင်းတွင် တာဝန်ထမ်းဆောင်လျှက်ရှိသော ဝန်ထမ်းအများစုမှာ နယ်ဝေးမှ လာရောက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သဖြင့် ဝန်ထမ်းများ၏ နေရေးထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားရန် ဖြစ်ပါသည်။

(၄) ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။

(၅) လူငယ်များနှင့် အမျိုးသမီးများ၏ အသိပညာဗဟုသုတတိုးတက်လာစေရန်အတွက် စာကြည့်တိုက် တည်ထောင်ပေးရန်နှင့် ကိုယ်ကာယကြံ့ခိုင်မှုအတွက် အားကစားများဆောင်ရွက်နိုင်ရန် အားကစားကွင်း တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(၆) ကျေးရွာအနီးရှိ ချောင်းခြောက်ရှိပြီး နွေရာသီတွင် ရေမရှိသော်လည်း မိုးကာလတွင် ချောင်းရေကျသောကြောင့် ကမ်းပါးပြိုကျခြင်းများ ဖြစ်ပွားသဖြင့် ရေကာတာ တည်ဆောက်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းသွားမည်။

**၁၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်

အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးလင်းရေး** | ဆိုလာမီးရရှိရေး | ၇၉ | ၁ | ကျေးရွာတွင်း ဆိုလာမီးရရှိနိုင်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ တင်ပြသွားရန် | |
| **လမ်းပမ်း ဆက်သွယ်ရေး** | လမ်းအဆင့် မြှင့်တင်ခြင်း | ၇၆ | ၂ | ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ရေးအတွက်ကျေးလက် လမ်းဦးစီးဌာနသို့ တင်ပြသွားရန်။ | |
| **ပညာရေး** | ပညာရေးဝန်ထမ်း များအတွက် လိုအပ် သော (ဝန်ထမ်း၊ ဝန်ထမ်းအိမ်ရာ၊ သောက်သုံးရေ၊ ကျောင်းခြံစည်းရိုး၊ ယင်လုံအိမ်သာ) ရရှိရန် | ၆၇ | ၃ | ကျေးရွာရှိ အ.မ.က(ခွဲ)ကျောင်းသို့ လာရောက်၍ တာဝန်ထမ်းဆောင် ရသည့် ရပ်ဝေးမှ ပညာရေးဝန်ထမ်း များအတွက် ဝန်ထမ်းအိမ်ရာရရှိရေး သက်ဆိုင်ရာ ဦးစီးဌာနတို့သို့ တင်ပြ တောင်းခံရန် | |
| **ကျန်းမာရေး** | ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်းချထားပေး ရေး | ၆၆ | ၄ | ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး အတွက် ဆေးပေးခန်းနှင့် ဝန်ထမ်းများ ချထားပေးရေး ကျန်းမာရေးဦးစီးဌာန သို့တင်ပြတောင်းခံသွားရန် | |
| **သောက်သုံးရေ** | စက်ရေတွင်း တူးဖော်ရေး | ၆၅ | ၅ | ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရေး အတွက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတ က်ရေးဦးစီးဌာနသို့ တင်ပြသွားရန် | |
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ်** |

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ပဲ့မခန်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စုအများစုမှာ တောင်သူများ ဖြစ်ပြီး စိုက်ပျိုးမြေ (၅)ကေအောက် ပိုင်ဆိုင်သော အိမ်ထောင်စု(၂၈)စု၊ (၅)ကေမှ(၁၂.၅)ကေအတွင်း ပိုင်ဆိုင်သူ အလယ်အလတ် အဆင့်ရှိ အိမ်ထောင်စု(၃၇)စုနှင့် (၁၂.၅)ကေအထက် ပိုင်ဆိုင်သူ တောင်သူကြီး (၄၅)စု၊ မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၃၇)စုရှိပါ သည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျှမ်း မျှ | |
| စပါး | ၁၄၅ | တင်း | ၄၀ | ၅၅ | ၅၀ | သင့် |
| နှမ်း | ၂၀ | တင်း | ၃ | ၅ | ၄ | သင့် |
| မြေပဲ | ၅၂ | တင်း | ၁၀ | ၁၅ | ၁၄ | သင့် |
| ပဲတီစိမ်း | ၁၅ | တင်း | ၅၀ | ၆၅ | ၆၀ | သင့် |
| ဝါ | ၅ | ပိဿာ | ၂၀ | ၂၅ | ၂၃ | သင့် |
| ကုလားပဲ | ၆၀ | တင်း | ၂၀ | ၂၅ | ၂၃ | သင့် |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ ဝါနှင့်ပဲမျိုးစုံတို့ဖြစ်ပါသည်။ စပါး အထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၄၀)တင်း၊ အများဆုံး (၅၅)တင်းနှင့် ပျမ်းမျှ (၅၀)တင်း ထွက်ရှိပါသည်။ နှမ်း(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၃)တင်း၊ အများဆုံး (၅)တင်းနှင့် ပျမ်းမျှ (၄)တင်းထွက်ရှိပါသည်။ မြေပဲ(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး(၁၀)တင်း၊ အများဆုံး (၁၅)တင်း နှင့် ပျမ်းမျှ (၁၄)တင်း ထွက်ရှိပါသည်။ ပဲတီစိမ်း(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၄)တင်း၊ အများဆုံး (၇)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။ ဝါ(၁)ကေ အထွက်နှုန်းမှာ အနည်းဆုံး (၅၀)ပိဿာ၊ အများဆုံး (၆၅)ပိဿာနှင့် ပျမ်းမျှ (၆၀)ပိဿာ ထွက်ရှိပါသည်။ ကုလားပဲ အထွက်နှုန်းမှာ(၁)ကေလျှင် အနည်းဆုံး (၂၀)တင်း၊ အများဆုံး (၂၅)တင်းနှင့် ပျမ်းမျှ (၂၃)တင်း ထွက်ရှိပြီး အကျိုးအမြတ် အနည်းငယ်သာ ရရှိပါသည်။ ရာသီဥတုမမှန်ခြင်း၊ တခါတရံ မိုးရေရရှိမှု နည်းခြင်း၊ တခါတရံမိုးများခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ ပျိုးပင်ပေါက်များ သေခြင်းတို့ ဖြစ်သဖြင့် အကျိုးအမြတ် ရရှိမှုမှာ နည်းပါးလျှက်ရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၈၂ | ၂၀၃ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၇၉ | ၇၉ |

| | | | | | |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၀ | | ၁၀ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | | ၂ | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၄ | | ၄ | |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | | ၂ | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | ပညာရေး | ၁ | | ၁ | |
| ၁၂ | ကျန်းမာရေး | ၁ | | ၁ | |
| ၁၃ | လူမှုရေး လုပ်ငန်းများ | ၅ | | ၅ | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ( ၂၅-ဦး) | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြင့် ကျေးရွာနေ အိမ်ထောင်စုအားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ အခြားတွဲဘက် ဝင်ငွေရှာဖွေရေး လုပ်ငန်းများအဖြစ် လက်သမား/ပန်းရံ လုပ်ကိုင်သူ(၁၀)ဦး၊ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ (၂)ဦး၊ အရောင်းအဝယ် လုပ်ကိုင်သူ (၄)ဦး၊ ပညာရေးဝန်ထမ်း (၁)ဦး၊ ကျန်းမာရေးဝန်ထမ်း (၁)ဦး၊ စက်ချုပ်သူ(၂)ဦးနှင့် အခြား လုပ်ကိုင်သူ (၅)ဦးရှိပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

